သာစည်မြို့နယ်

တောကင်း ကျေးရွာအုပ်စု၊ ထူးတွင်း ကျေးရွာ

ထူးတွင်း ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထူးတွင်း ကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ် လ

မာတိကာ

မာတိကာ ၂

စကားချီး ၃

သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာ၏ **သယံဇာတပြမြေပုံ** ၄

သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၅

သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာ၏ **ရွာတွင်း/ ပြင်ပ** ၆

ချိတ်ဆက်မှုပြပုံ

၁။ ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထား ၇

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၈

(ခ) မွေးမြူရေးလုပ်ငန်း ၉

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ ၁၀

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ၁၀

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၀

(ခ) ကျေးရွာမီးလင်းရေး ၁၀

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၁၀

၆။ ပညာရေး ၁၁

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၁၁

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ ၁၃

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ ၁၄

စီမံချက်ဆိုင်ရာ အချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၄
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ (၄၈) ဧယား ၁၆
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုဧယား ၆၀
- နောက်ဆက်တွဲ ၄ ဦးစားပေး စီမံချက် အဆိုပြုလွှာ ၆၃

စကားချီး

ထူးတွင်းကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၁၉-၂၀၂၃) (၅) နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များ စသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လည်းကောင်း၊ လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအား လည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကို လည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး စီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထူးတွင်း ကျေးရွာ၊ သာစည်မြို့နယ်

သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာ၏သယံဇာတပြမြေပုံ



သာစည်မြို့နယ်၊ ဟံဇားကျေးရွာအုပ်စု၊ ဟံဇားကျေးရွာ၏ရာသီခွင်ပြပြကွဒိန်



သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာ၊ ရွာတွင်း/ ပြင်ပ ချိတ်ဆက်မှုပြပုံ



၁။ ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထား

ထူးတွင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် တောကင်းကျေးရွာအုပ်စုတွင် ပါဝင်သည့် သာစည်မြို့၏ အရှေ့တောင်ဘက် မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး၏ တောင်ဘက်(၂)မိုင်ခွဲခန့် အကွာတွင် တည်ရှိပါသည်။ မိတ္ထီလာ- တောင်ကြီး ပြည်ထောင်စုလမ်းမကြီးမှ တောင်ဘက်သို့ ကုက္ကိုပင်ကျေးရွာကို ဖြတ်သန်း၍ သွားလာရပါသည်။

ကျေးရွာသည် မြေပြန့်ဒေသ ဖြစ်ပါသည်။ ထူးတွင်းကျေးရွာ၏ မြောက်ဘက်တွင် ကုက္ကိုပင် ကျေးရွာ၊ တောင်ဘက်တွင် အုတ်ကုန်းကျေးရွာ တို့တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ထူးတွင်းကျေးရွာသည် အပူပိုင်းမိုးနည်းဒေသ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ယာမြေထက် လယ်မြေက ပိုများပါသည်။ လယ်မြေများမှာ စနယ်မြေ အမျိုးအစားဖြစ်၍ မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

ကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တု သယံဇာတများ မထွက်ရှိပါ။ ကျေးရွာ၏ အနောက်ဘက် (၁) မိုင်ခန့်အကွာတွင် စမုံဆည်ချောင်း ရှိသော်လည်း သဲ၊ ကျောက်စရစ် များ မထွက်ရှိပါ။မန်ကျည်း၊ ထနောင်း၊ တမာနှင့် ကန္တာရဆူးပင်များ အလေ့ကျ ပေါက်ရောက်သည်ကို တွေ့ရှိရပါသည်။ စာကလေး၊ ကျီးကန်း၊ ခို၊ ဆက်ရက် စသည့် ငှက်အမျိုးမျိုး၊ တောက်တဲ့၊ ပင့်ကူ၊ မြွေ စသည့် သဘာဝ တိရစ္ဆာန် မျိုးစိတ်များကိုလည်း တွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် အိမ်ခြေ (၉၇) အိမ်၊ အိမ်ထောင်စု (၉၇) စု၊ လူဦးရေ ကျား (၁၈၄) ဦး နှင့် မ (၂၀၄) ဦး စုစုပေါင်း (၃၈၈) ဦး ရှိပါသည်။ ကျေးရွာတွင်း တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့်(၄) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅) ဦးအောက် (၁) ဦး လျော့နည်း ပါသည်။ ကျေးရွာလူဦးရေမှာ နို့စို့အရွယ် ၁ %၊ ၅ နှစ်အောက်ကလေးငယ် ၁.၈%၊ မူလတန်းကျောင်းသား

အရွယ် ၃.၆%၊ အလယ်တန်း ကျောင်းသားအရွယ် ၁.၈%၊ အလုပ်လုပ်နိုင်သည့်အရွယ် ၈၂.၂%၊ သက်ကြီးရွယ်ကြီး ၉.၅% ဖြစ်ပါသည်။ သက်ကြီးရွယ်ကြီး ၉.၅% ရှိခြင်းသည် ကျေးရွာသူ/ သားများသည် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စွာ နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

ထူးတွင်း ကျေးရွာတွင် လူငယ်ပရဟိတ အဖွဲ့နှင့် ဓမ္မစကြာဝတ်အသင်းအဖွဲ့ (၂) ဖွဲ့သာ ရှိပါသည်။ လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာရှိ လူပျို၊ အပျိုများ စုစည်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ ကျေးရွာရှိ သာရေး၊ နာရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ပါသည်။ အဖွဲ့ (၂) ဖွဲ့လုံးသည် စည်းလုံး၍ လုပ်ငန်းဆောင်ရွက်မှုများ ကောင်းပါသည်။ ပြင်ပအဖွဲ့အစည်းများ မရှိပါ။

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားဥစ္စာသတ်မှတ်ချက် အခြေအနေအား ဆန်းစစ်ရာ ဥစ္စာဓနအဆင့် (၁) တွင်အိမ်ထောင်စု **(၃၂.၉%)**၊ ဥစ္စာဓနအဆင့် (၂) တွင်အိမ်ထောင်စု **(၂၈.၈%)**၊ ဥစ္စာဓန အဆင့် (၃) တွင်အိမ်ထောင်စု **(၃၀.၉%)**၊ ဥစ္စာဓနအဆင့် (၄) တွင်အိမ်ထောင်စု **(၁၁.၃%)** ရှိကြောင်း တွေ့ရှိရပါသည်။ လယ်မြေဧကများ ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ကြသော ကြောင့် ဆင်းရဲချမ်းသာ ကွာဟမှု မရှိပါ။

ကျေးရွာ၏ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ၏ ၃၀% ဖြစ်သော အိမ်ထောင်စု ၁၂ ၏ စစ်တမ်းအရ ဝမ်းစာ ဖူလုံမှု သည် ၈ လ၊ ၁၀ လခန့်ထိ ဖူလုံကြပါသည်။ အဆင်မပြေသော လများတွင် ငွေချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများ၊ မသန်းစွမ်း ပုဂ္ဂိုလ်များ၊ ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ထူးတွင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကျေးရွာအိမ်ထောင်စု၏ (၉၆.၉%) သည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ယာမြေထက် လယ်မြေ ဧက ပိုများပါသည်။ လယ်မြေ (၆၇၇.၅) ဧက၊ ယာမြေ (၅၄၁) ဧက၊ စာကျက်မြေ (၁၄၉) ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧက (၁၃၃၅) ဧကရှိပါသည်။ လယ်မြေများမှာ စနယ်မြေ အမျိုးအစားဖြစ်၍ မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးကို

ဆည်ရေ ရေသွင်းမြောင်းများမှ တဆင့် လယ်မြေစိုက်ပျိုးခင်းများသို့ ရေရရှိသော်လည်း စိုက်ပျိုးဧက အကုန် မလွှမ်းခြုံနိုင်ပါ။ မိုးရေကိုသာ အားထား စိုက်ပျိုးရပါသည်။

ကျေးရွာတွင် တောင်သူကြီး (၃၂) အိမ်၊ တောင်သူလတ် (၃၀) အိမ်၊ တောင်သူငယ် (၂၅) အိမ်၊ ဆင်းရဲသားတောင်သူ (၆) အိမ်နှင့် မြေယာမဲ့ (၄) အိမ် ရှိပါသည်။ မြေယာမဲ့တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ခြင်းနှင့်နွား၊ ဆိတ်မွေးမြူခြင်းအား တပိုင်တနိုင် ဆောင်ရွက်ကြပါသည်။

သီးနှံများအနေဖြင့် ကုလားပဲနှင့် စပါးကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေ လုံလောက်စွာ မရရှိ၍ မိုးရေကိုသာ အားထားရသောကြောင့် မိုးတွင်းကာလတွင်သာ သီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ စပါး၊ ဝါ၊ ငရုတ်၊ နေကြာနှင့် ကုလားပဲစသည် သီးနှံများကို စိုက်ပျိုးကြပြီး ကုလားပဲ နှင့် နေကြာသည် အမြတ်ရရှိမှု အများဆုံးဖြစ်ပါသည်။ စပါးကို (၂၆၀) ဧက၊ ဝါ(၁၈၀) ဧက၊ ငရုတ် (၁၈၀) ဧက၊ နေကြာ (၂၁၀) ဧကနှင့် ကုလားပဲ (၃၀၀) ဧကခန့် စိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ရာသီဥတု သင့်တင့်မျှတခြင်း၊ လယ်ယာ မြေများ ပိုင်ဆိုင်၍ အသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ် အသင့်အတင့်ရှိခြင်း၊ ချေးငွေ လက်လှမ်း မီခြင်း၊ သီးနှံ မျိုးကောင်းမျိုးသန့်များ ဝယ်ယူနိုင်ခြင်း၊ သဘာဝမြေဩဇာနှင့် သွင်းအားစုများ လွယ်ကူစွာ ရနိုင်ခြင်းတို့သည် စိုက်ပျိုးရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိက အခက်အခဲမှာ သီးနှံများကို လွယ်ကူစွာ ဈေးနှုန်း မှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းပင် ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ကိုင်သူ များသောကြောင့် လုပ်သား အင်အား ရှားပါးခြင်း၊ နှင့် နည်းပညာ ဝန်ဆောင်မှုများ မရရှိခြင်းတို့ကြောင့် လုပ်ငန်းနှောင့်နှေးရပါသည်။ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှု အနေဖြင့် ထွန်စက်နှင့် လက်တွန်းထွန်စက်ပိုင် ၂၇ အိမ်ထောင်စု ရှိပြီး ၄ားရမ်းလုပ်ကိုင်သော တောင်သူမှာ ၅၆ ဦးခန့်ရှိပါသည်။ ကျန်တောင်သူများမှာ မိရိုးဖလာအတိုင်း နွားလှည်းအသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရိတ်သိမ်းချိန်တူညီကြ၍ တစ်ချိန်တည်း ၄ားသုံးရန် အဆင်မပြေသောကြောင့် ဖြစ်ပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် နွားမွေးမြူရေးကိုတပိုင်တနိုင် မွေးမြူ ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ကောင်နှုန်းမွေးမြူကြပါသည်။ စားကျက်မြေများ ရှိခြင်းကြောင့် ဆိတ်မွေးမြူသူများလည်း ရှိပါသည်။ ကြက်နှင့် ဝက်ကိုလည်း တပိုင်တနိုင် မွေးမြူကြပါ သည်။ မွေးမြူရေးလုပ်ငန်းအတွက် စားကျက်မြေများ အသင့်အတင့်ရှိခြင်း၊ ရေ အသင့်အတင့်ရနိုင်ခြင်း၊ အစာ ဆေးများ ဝယ်ယူနိုင်ခြင်း အိမ်ခြံဝင်းကျယ်ခြင်းများသည် အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။ မွေးမြူရေး လုပ်ငန်းအတွက် ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများ မရရှိခြင်း၊ ချေးငွေ လွယ်ကူစွာ မရ ခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမှီခြင်းတို့သည် ရင်ဆိုင်ဖြေရှင်းရမည့် အဟန့်အတားများ ဖြစ်ပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုး ရေးလုပ်ငန်း နားချိန်တွင် အခြားဝင်ငွေရ လုပ်ငန်းအဖြစ် ဆံပင်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ဆံပင်ရှင်းခြင်းသည် မိသားစုဝင်ငွေအား အထောက်အပံ့ဖြစ်စေပါသည်။ ဆံပင်ရှင်းခြင်းလုပ်ငန်းကို အိမ်ထောင်စု (၂၃)% ခန့်မှ ဆောင်ရွက်ကြပါသည်။

၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ ရယူသူများ ရှိပါသည်။ လယ်ယာ မြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူကြပါသည်။ သမဝါယမချေးငွေ ယူဆောင်သူများလည်း ရှိပါသည်။ စိုက်ပျိုးရေးအတွက် ငွေချေးယူသူ အိမ်ထောင်စု ၃၀% ခန့် ရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းများမှာ စံကွက်ကျ၍ ကျောက်ခင်းလမ်းဖြစ်ပါသည်။ ကျောက်ခင်းလမ်း မှာ မိုးရာသီတွင် ရေများသောကြောင့် လမ်းများပျက်ဆီးနေပြီး အဆင့်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ပါ

သည်။ ချဉ်းကပ်လမ်းဖြစ်သော ကျေးရွာချင်းဆက်လမ်းသည် ထူးတွင်းကျေးရွာမှ အရှေ့မြောက်ဘက် ကုက္ကိုပင်ကျေးရွာသို့ဖြတ်၍ မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးထိ (၂) မိုင်ခန့်ရှိပြီး ကျောက်ခင်းလမ်းဖြစ်ပါသည်။ **အဆိုပါလမ်းပေါ်တွင် သစ်သားတံတား နှင့် ကွန်ကရစ်တံတား (၂) စင်းရှိပါသည်။ ကွန်ကရစ်တံတားမှာ ၂၀၁၇ ခု မိုးများရေများ ချိန်တွင် ရေကြီး၍ ရေနှင့်မျှောပါ ပျက်စီးလျက်ရှိပါသည်။ သစ်သားတံတားမှာ ဝန်နည်းသောကားသေးများသာ ဖြတ်သန်းသွားလာလို့ရပါသည်။ အဆိုပါ တံတား (၂) စင်းအား ကျေးရွာကိုယ်ထူကိုယ်ထဖြင့် သော်လည်းကောင်း သက်ဆိုင်ရာဌာနသို့ချိတ်ဆက်၍ သော်လည်းကောင်း ပြန်လည်ပြုပြင်ရန် လိုအပ်ပါသည်။** ကျေးရွာ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစသည့် အရေးကိစ္စများ အတွက် အားထားရသော လမ်းလည်းဖြစ်ပါသည်။ **ကျေးရွာတွင်းတွင် ရေပြွန် တံတားများ (၆) စင်းရှိပါသည်။**

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးပြုမှုများပြီး မော်တော်ဆိုင်ကယ် (၉၆) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာကျီ (၁) စီး ရှိပါသည်။ စက်ဘီး (၇၀)စီး ရှိပြီး ကျောင်းသား/ သူ များ ကျောင်းတက်ရန် အသုံးပြုကြပါသည်။ နွားလှည်း (၅၇) စီး ရှိပြီး လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။

၅။ (ခ) ကျေးရွာမီးလင်းရေး

ထူးတွင်း ကျေးရွာတွင် မဟာဓါတ်အားလိုင်းဖြင့်လျှပ်စစ်မီးကို ၂၀၁၈ ခုနှစ်အတွင်းတွင် တည်ဆောက်ဆောင်ရွက်ပြီးစီးပြီး သုံးစွဲလျက်ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၂) စု ခန့် ရှိပါသည်။

၅။ (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တု စလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှလည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်း အသုံးပြုနိုင်ကြပြီး ဖုန်း (၂၇၅) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယို နားထောင်ခြင်းနှင့် အခမဲ့ ရုပ်သံလိုင်းများ၊ ဂြိုလ်တု စလောင်းကြည့်ခြင်းဖြင့် နားချိန်ယူကြပါသည်။ ရေဒီယို (၇၈) ခု၊ တီဗွီ (၄၁) ခု၊ စလောင်း (၄၀) ခု ရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ မိုဘိုင်းဖုန်းလိုင်းများ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ ဖမ်းယူအသုံး၍ ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊

အကြမ်းဖက်မှုများ မရှိပါ။

၆။ ပညာရေး

ကျေးရွာလူဦးရေ၏ ကျောင်းနေအရွယ် လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဆန်းစစ်ရာ မူလတန်းပညာအဆင့် ၄၆.၉%၊ အလယ်တန်းပညာအဆင့် ၂၂.၅%၊ အထက်တန်းပညာအဆင့် ၁၆.၄%၊ တက္ကသိုလ်၊ ကောလိပ်ပညာအဆင့် ၆.၁% ရှိပါသည်။ ကျေးရွာတွင် စာမတတ်သူ မရှိပါ။ မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ကြပါသည်။ ကျောင်းတက်နှုန်း အနေဖြင် မူလတန်းတွင် ၁၄ ဦး၊ အလယ်တန်းတွင် ၇ ဦး၊ အထက်တန်းတွင် ၅၁ ဦး၊ တက္ကသိုလ်/ကောလိပ်တွင် ၂၃ ဦး တက်ရောက်လျက်ရှိပါသည်။

ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပါသည်။ အလယ်တန်းကျောင်းကို ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသော ကြာဘက်ကုန်းကျေးရွာ အလယ်တန်းကျောင်းတွင်လည်းကောင်း၊ အထက်တန်းကျောင်းကို ကျေးရွာမှ(၃)မိုင်ခန့်ဝေးသော လှိုင်းတက် ကျေးရွာ (အ.ထ.က) ကျောင်းတွင် လည်းကောင်း တက်ရောက်ကြပါသည်။ ကျောင်းသွားရာလမ်းသည် မိတ္ထီလာ- တောင်ကြီး ပြည်ထောင်စု ကားလမ်းမကြီးအတိုင်း စက်ဘီးဖြင့်သွားရပြီး ကလေးများ ယာဉ်မတော်တဆမှုအန္တရာယ် စိုးရိမ်ရပါသည်။

ကျေးရွာ၏ မူလတန်းကျောင်းတွင် ကျောင်းဆရာ/မ လုံလောက်မှုရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ အနည်းငယ်သာရှိပါသည်။ မိဘဆရာအသင်းမှာ ကျောင်းပညာရေးနှင့် ဖွံ့ဖြိုးရေးများတွင် ပါဝင်မှု အားနည်းပါသည်။

ကျေးရွာရှိလူငယ်များသည် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး လူငယ်အချို့မှာ စာပေစိတ်ဝင်စားကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးလက်ကျန်းမာရေးဌာနရှိ၍ ဆေးကုသမှု လက်လှမ်းမီပါသည်။ ကျေးလက် ကျန်းမာရေးဌာနမှ ကာကွယ်ဆေးပုံမှန် ထိုးနှံပေးပါသည်။ ကျေးလက်ဆေးပေးခန်းရှိပြီး သားဖွားဆရာမ ရှိပါသည်။ သာမန်ဖျားနာလူနာများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေး ကုသရန် အဆင်ပြေပါသည်။ ကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ် ဖြစ်ပွားတတ်ပါသည်။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အိုအချို့တွင် ဖြစ်ပွားပါသည်။

သောက်သုံးရေကို အဝီစိတွင်း တုံကင်တွင်း၊ မိုးရေလှောင်ကန်၊ မြေသားရေကန်တို့မှ သုံးစွဲ

ကြပါသည်။ အဝီစိတွင်းတုံကင်ပိုင်ဆိုင်သော အိမ်ထောင်စု (၆၃) စုရှိပြီး မပိုင်ဆိုင်သော အိမ်ထောင်စုများမှလည်း ဝေမျှသုံးစွဲကြပါသည်။ ရေငန်တွင်းများဖြစ်ပါသည်။ မိုးရေလှောင်ကန် သုံးစွဲသူ အိမ်ထောင်စု (၄၈) စုနှင့် ကျေးရွာပိုင် ဘုန်ကြီးကျောင်းမြေသားရေကန်အား ကျေးရွာအိမ်ထောင်စုအားလုံးမှ ထမင်းချက်ရေအဖြစ် သုံးစွဲကြပါသည်။

ကျေးရွာအိမ်ထောင်စုအားလုံး ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ ကျေးရွာစွန့်ပစ်အမှိုက်များကို ရွာနှင့် စမုံချောင်းကြားရှိ မြေကွက်လပ်တွင် ကိုယ်ထူကိုယ်ထ စွန့်ပစ်မီးရှို့ကြပါသည်။ စနစ်တကျ မဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာကို အသုံးများသောကြောင့် မြေဆီဩဇာ ပျက်ဆီးမှု အနည်းငယ် ရှိပါသည်။ ဖျက်ပိုးများ ကျရောက်လေ့ ရှိပြီး နည်းပညာဗဟုသုတနည်းပါးသောကြောင့် ထိထိရောက်ရောက် မကာကွယ်နိုင်ပါ။ ကျေးရွာစွန့်ပစ်အမှိုက်များကို ရွာနှင့် စမုံချောင်းကြားရှိ မြေကွက်လပ်တွင် ကိုယ်ထူကိုယ်ထ စွန့်ပစ်မီးရှို့ကြပါသည်။ စနစ်တကျ မဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်ကောင်းများ စီမံဆောင်ရွက်မှု မရှိသေးပါ။ အသိပညာ ဗဟုသုတများ လိုအပ်ပါသည်။

၉။ ကျား-မ ရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးထားသော်လည်း အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအစဉ်အလာများအရ အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်တတ်ကြပါသည်။ သို့သော် ကျေးရွာရှိ အုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်းဖက်မှုဆိုင်ရာတိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါသည်။ အမျိုးသမီးဘဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများအနေဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ တန်းတူ ဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အနည်းအများ ကွာဟရခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို အဓိက ဆောင်ရွက်သော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးနေ့စားလုပ်အားခများ ဖြစ်ပါသည်။

ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှု များပြီး ယခုအခါ အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ပညာရေးကို အားပေးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက် လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက် များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြ ပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေး အန္တရာယ် ကျရောက်မှုမှလွဲ၍ ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သော အရာများတွင် ထပ်တိုးစီမံကိန်းများ ထပ်မံ ထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ တောကင်း ကျေးရွာအုပ်စု၊ ထူးတွင်း ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များ

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	✔				
၂	ကျေးရွာပတ်လမ်း အဆင့်မြှင့်တင်ခြင်း	၂		✔			
၃	ကျေးရွာအတွင်း တံတားများ တည်ဆောက်ခြင်း	၃			✔		
၄	စိုက်ပျိုးရေးအတွက် မြောင်းများ ပြုပြင်ခြင်း	၄				✔	
၅	ကျေးရွာ ချဉ်းကပ်လမ်းပေါ်ရှိ တံတားအား ပြန်လည် ပြုပြင်ခြင်း	၅					✔
၆	စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၆			✔		
၇	ဆည်မြောင်းရေကာတာ တည်ဆောက်ခြင်း	၇			✔		

နောက်ဆက်တွဲ (၁)

သာစည်မြို့နယ်၊ တောကင်း ကျေးရွာအုပ်စု၊ ထူးတွင်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ဆွေဝင်း	ဦးလှဖေ	၉/ သစန (နိုင်) ၁၂၁၆၀၉	၅၅	ဥက္ကဋ္ဌ	၀၉-၈၉၉၂၇၉၉၇၇
၂	ဦးလှငြိမ်း	ဦးထွန်းလှိုင်	၉/ သစန (နိုင်) ၀၂၁၅၄၆	၅၈	အတွင်းရေးမှူး	၀၉-၂၅၉၂၇၅၉၄၂
၃	ဦးဝင်းသိန်းဟန်	ဦးဟန်တင်	၉/ သစန (နိုင်) ၁၁၇၃၁၂	၃၇	ဘဏ္ဍာရေးမှူး	၀၉-၇၉၁၇၅၄၂၇၁
၄	ဦးစိုးနိုင်	ဦးအောင်ခင်	၉/ သစန (နိုင်) ၀၂၀၉၆၂	၄၆	စာရင်းကိုင် (၁)	၀၉-၇၈၄၀၉၄၇၃၄
၅	ဒေါ်အေးအေးငြိမ်း	ဦးသာချို	၉/ သစန (နိုင်) ၂၀၃၅၁၀၉	၂၀	စာရင်းကိုင် (၂)	၀၉-၇၆၁၃၄၃၅၆၂
၆	ဦးမင်းစိုး	ဦးထွန်းရီ	၉/ သစန (နိုင်) ၁၂၁၆၆၂	၄၃	သော့ကိုင် (၁)	၀၉-၂၅၉၄၃၀၃၁၃
၇	ဒေါ်မာမာအေး	ဦးအောင်ခင်	၉/ သစန (နိုင်) ၀၉၉၀၃၅	၃၉	သော့ကိုင် (၂)	၀၉-၇၆၆၇၈၆၂၂၁
၈	ဦးသိန်းနိုင်	ဦးမောင်ပု	၉/ သစန (နိုင်) ၁၁၈၈၆၁	၃၅	အဖွဲ့ဝင်	၀၉-၇၆၁၃၄၄၆၄၇
၉	ဦးစိုးလွင်	ဦးတင်မောင်	၉/ သစန (နိုင်) ၁၂၁၆၆၇	၃၅	အဖွဲ့ဝင်	၀၉-၄၄၅၂၀၃၃၆၃
၁၀	ဒေါ်နွယ်နွယ်မျိုး	ဦးကျော်စံဝင်း	၉/ သစန (နိုင်) ၁၉၀၅၃၁	၂၄	အဖွဲ့ဝင်	၀၉-၂၅၆၀၉၈၅၂၆
၁၁	ဒေါ်ခိုင်သဇင်	ဦးလှဆောင်	၉/ သစန (နိုင်) ၁၉၀၅၃၃	၂၄	အဖွဲ့ဝင်	၀၉-၇၉၇၇၄၇၆၂၄

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၀	၄	၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁	၆	၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆	၈	၁၄
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃	၄	၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၆	၁၆၃	၃၁၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၈	၁၉	၃၇
စုစုပေါင်း		၁၈၄	၂၀၄	၃၈၈
စုစုပေါင်း အိမ်ထောင်စု				၉၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ် ၁% ၅ နှစ်အောက်ကလေးငယ် ၁.၈% မူလတန်း ကလေးအရွယ် ၃.၆% အလယ်တန်းကလေးအရွယ် ၁.၈၊ အလုပ်လုပ်နိုင်သည့် အရွယ် ၈၂.၂% နှင့် သက်ကြီးရွယ်ကြီး ၉.၅% ရှိပါသည်။ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေနှုန်းမှာ(၄) ဦးဖြစ်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၄	၂၃၂	၀	မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၀	၀	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း /	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စု၏ (၉၆.၉%) သည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် နွားကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ဆိတ်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၄) စု ခန့်ရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းအဖြစ် ဆံပင်ရှင်းခြင်းလုပ်ငန်းအား စိုက်ပျိုးရေးနားချိန်တွင် အိမ်ထောင်စု (၂၃%) မှ လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ တန်းတူဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အနည်းအများ ကွာဟရခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ဆောင်ရွက်သော ကျေးရွာဖြစ်သောကြောင့်စိုက်ပျိုးရေးနေ့စားလုပ်အားခများ ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၆၇၇.၅၀	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၄၁.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	၁၄၉.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)**
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၁၃၆၇.၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ယာမြေထက် လယ်မြေ ဧက ပိုများပါသည်။ လယ်မြေများမှာ စနယ်မြေ အမျိုးအစားဖြစ်၍ မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တု သယံဇာတများ မထွက်ရှိပါ။ ကျေးရွာ၏ အနောက်ဘက် (၁) မိုင်ခန့်အကွာတွင် စမုံဆည်ချောင်း ရှိသော်လည်း သဲ၊ ကျောက်စရစ် များ မထွက်ရှိပါ။မန်ကျည်း၊ ထနောင်း၊ တမာနှင့် ကန္တာရဆူးပင်များ အလေ့ကျ ပေါက်ရောက်သည်ကို တွေ့ရှိရပါသည်။ စာကလေး၊ ကျီးကန်း၊ ခို၊ ဆက်ရက် စသည့် ငှက်အမျိုးမျိုး၊ တောက်တဲ့၊ ပင့်ကူ၊ မြွေ စသည့် သဘာဝ တိရစ္ဆာန် မျိုးစိတ်များကိုလည်း တွေ့ရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ဝေအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၂	၂၆	၂၈	၁၁

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေကများ ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ကြသောကြောင့် ဆင်းရဲချမ်းသာ ကွာဟမှု မရှိပါ။ အလွန်အဆင်မပြေသော အိမ်ထောင်စုသည် ကျေးရွာအိမ်ထောင်စု၏ ၁၁% ခန့်သာ ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၁၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၂ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ၏ ၃၀% ဖြစ်သော အိမ်ထောင်စု ၁၂ ၏ စစ်တမ်းအရ ဝမ်းစာဖူလုံမှု သည် ၈ လ၊ ၁၀ လခန့်ထိ ဖူလုံကြပါသည်။ အဆင်မပြေသော လများတွင် ငွေချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများ၊ မသန်းစွမ်း ပုဂ္ဂိုလ်များ၊ ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုများ မရှိပါ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐	လတ်☐	နိမ့်☑	မရှိ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဖိုက်ပျိုးရေ)	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၃	ရေကြီးခြင်း	မြင့်☐	လတ်☑	နိမ့်☐	မရှိ☐
၄	မိုးခေါင်ခြင်း	မြင့်☐	လတ်☑	နိမ့်☐	မရှိ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၆	မုန်တိုင်း	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၇	ငလျင်	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၈	မီးဘေး	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၂	၄က်ဖျားရောဂါ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၃	တီဘီရောဂါ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၇	လူကုန်ကူးခြင်း	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်□	လတ်□	နိမ့်□	မရှိ□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုအချို့သည် စားနပ်ရိက္ခာမဖူလုံခြင်းကြောင့် ငွေချေးယူသုံးစွဲရခြင်းကြောင့် မိသားစုဝင်ငွေ အနည်းငယ် လျော့နည်းထိခိုက်ပါသည်။ ကျေးရွာဝန်းကျင်တွင် ရွှေကူညောင်ရမ်းကန်၊ ပျော်ဘွယ်နယ် ပန်းတောကန်၊ကျောက်ဆည်ကန်၊ ဘုရားငါးဆူ တမံ (၁)၊ တမံ (၂) စသည်တို့မှ ရေဆိုးထုတ်မြောင်းများ ရှိပြီး မိုးတွင်း ရေပိုလွှဲချိန်တွင် ရေဆိုးများလျှံကျ၍ စိုက်ခင်းများအတွင်း ရေနစ်ခြင်းကြောင့် သီးနှံအထွက်နှုန်း ထိခိုက်ပါသည်။ ငရုတ်သီးနှံ စိုက်ပျိုးချိန်တွင် အဖြစ်များပါသည်။အပူပိုင်းမိုးနည်းဒေသဖြစ်သောကြောင့် ရာသီဥတုမမှန်၍ မိုးခေါင်ခြင်းလည်း ဖြစ်ပေါ်တတ်ပြီး မိုးခေါင်လျှင် စိုက်ပျိုးရေရရှိမှု နည်းပါး၍ စပါးနှင့် ကုလားပဲသီးနှံများ အထွက်နှုန်းကျ ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	လူငယ်	မြင့်□	လတ်□	နိမ့်□	မရှိ□
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□	လတ်□	နိမ့်□	မရှိ□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□	လတ်☑	နိမ့်□	မရှိ□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်□	လတ်□	နိမ့်□	မရှိ□

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□	လတ်□	နိမ့်□	မရှိ□
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၁	လူနည်းစုလူမျိုးများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၅	ဆေးစွဲသူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□	လတ်□	နိမ့်□	မရှိ□
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□	လတ်□	နိမ့်□	မရှိ□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မိုးခေါင်းခြင်း၊ ရာသီဥတု မမှန်ခြင်း၊ ရေကြီးခြင်းများ ဖြစ်၍ သီးနှံအထွက်နှုန်းကျပါက ဆင်းရဲသားတောင်သူများတွင် အသင့်အတင့်ထိခိုက်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၃၂	၃၆	၆၈	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ဓမ္မစကြာအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၀	၃၀	၃၀	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်ပရဟိတ အဖွဲ့နှင့် ဓမ္မစကြာဝတ်အသင်းအဖွဲ့ (၂) ဖွဲ့သာ ရှိပါသည်။ လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာရှိ လူပျို၊ အပျိုများ စုစည်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ ကျေးရွာရှိ သာရေး၊ နာရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ပါသည်။ အဖွဲ့ (၂) ဖွဲ့လုံးသည် စည်းလုံး၍ လုပ်ငန်းဆောင်ရွက်မှုများ ကောင်းပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃		၁ □၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပြင်ပ အဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၆	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၃၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၉၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေ ပိုင်ဆိုင်မှု မြင့်မားပြီး လယ်ယာမြေများအား အသုံးချနိုင်ပါသည်။ကျေးရွာအိမ်ထောင်စု၏ (၃၂.၉%) ခန့်သည် တောင်သူကြီးများ ဖြစ်ကြပါသည်။ မြေယာမဲ့တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ခြင်းနှင့်နွား၊ ဆိတ်မွေးမြူခြင်းအား တပိုင်တနိုင် ဆောင်ရွက်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☑	မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင် စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၂၆၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဆည်ရေ ရေသွင်းမြောင်းများမှ တဆင့် လယ်မြေစိုက်ပျိုးခင်းများသို့ ရေရရှိသော်လည်း စိုက်ပျိုးဧက အကုန် မလွှမ်းခြုံနိုင်ပါ။ မိုးရေကိုသာ အားထား စိုက်ပျိုးရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာ တစ်ခု ကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
စပါး	၂၆၀	တင်း	၆၀	၈၀	၇၀	ဇွန်	စက်တင်ဘာ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ဝါ	၁၈၀	ပိဿာ	၈၀	၂၀၀	၁၄၀	ဇွန်	အောက်တိုဘာ	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ငရုတ်	၁၈၀	ပိဿာ	၃၀၀	၅၀၀	၄၀၀	ဇွန်	အောက်တိုဘာ	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
နေကြာ	၂၁၀	တင်း	၁၀	၁၅	၁၂.၅	အောက်တိုဘာ	ဇန်နဝါရီ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☑လတ်☐ နိမ့်☐
ကုလားပဲ	၃၀၀	တင်း	၈	၁၀	၉	အောက်တိုဘာ	ဖေဖော်ဝါရီ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☑ လတ်☐ နိမ့်☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကုလားပဲနှင့် စပါးကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးလုံလောက်စွာ မရရှိ၍ မိုးရေကိုသာ အားထားရသောကြောင့် မိုးတွင်းကာလတွင်သာ သီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ စပါး၊ ဝါ၊ ငရုတ်၊ နေကြာနှင့် ကုလားပဲစသည် သီးနှံများကို စိုက်ပျိုးကြပြီး ကုလားပဲ နှင့် နေကြာသည် အမြတ်ရရှိမှု အများဆုံးဖြစ်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	၀	၀	၀
လက်တွန်းထွန်စက်	၂၆	၀	၀	၅၆
အစေ့ချကိရိယာ	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းခြွေလှေ့စက်	၁	၀	၀	၅၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၅၈	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက်နှင့် လက်တွန်းထွန်စက်ပိုင် ၂၇ အိမ်ထောင်စုရှိပြီး ငှားရမ်းလုပ်ကိုင်သော တောင်သူမှာ ၅၆ ဦးခန့်ရှိပါသည်။ ကျန်တောင်သူများမှာ မိရိုးဖလာအတိုင်း နွားလှည်းအသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရိတ်သိမ်းချိန်တူညီကြ၍ တစ်ချိန်တည်းငှားသုံးရန် အဆင်မပြေသောကြောင့် ဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရာသီဥတု သင့်တင့်မျှတခြင်း၊ လယ်ယာမြေများ ပိုင်ဆိုင်၍ အသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေး အရင်းအမြစ် အသင့်အတင့်ရှိခြင်း၊ ချေးငွေ လက်လှမ်းမီခြင်း၊ သီးနှံ မျိုးကောင်းမျိုးသန့်များ ဝယ်ယူနိုင်ခြင်း၊ သဘာဝ မြေဩဇာ နှင့် သွင်းအားစုများလွယ်ကူစွာ ရနိုင်ခြင်းတို့သည် စိုက်ပျိုးရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ ဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☐ မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံထုတ်လုပ်မှုအတွက် အဓိကအခက်အခဲမှာ သီးနှံများကိုလွယ်ကူစွာ စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းပင် ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ကိုင်သူ များသောကြောင့် လုပ်သားအင်အား ရှားပါးခြင်း၊ နှင့် နည်းပညာ ဝန်ဆောင်မှုများ မရရှိခြင်းတို့ကြောင့် လုပ်ငန်းနှောင့်နှေးရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၈၁	၄၄၄

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၄	၇၁
သိုး	၀	၀
ဝက်	၁၂	၁၅
ကြက်	၈၇	၅၇၄
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

